


**Volume III, Issue 27** **1 May 2023**


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သွားရောက်ကြည့်ရှု | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ | ၃ |
| ၃ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒ စကားမြွက်ကြား | ၅ |
| ၄ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ | ၈ |
| ၅ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး | ၉ |
| ၆ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အား လက်ခံတွေ့ဆုံ | ၁၁ |

| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ (Global Security Initiative-GSI)အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက် | ၁၂ |
| ၈ | ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှား - မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နိကော့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံ | ၁၃ |
| ၉ | ပြည်ထောင်စုဝန်ကြီးများ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ | ၁၅ |
| ၁၀ | သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာရှယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးသို့တက်ရောက် | ၁၆ |
| ၁၁ | ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ဒီဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာဖိုရမ်နှင့် ကမ္ဘာလုံးဆိုင်ရာ ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ကုန်စည်ပြပွဲသို့ တက်ရောက် | ၁၈ |
| ၁၂ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ | ၁၉ |
| ၁၃ | ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာ ကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပ | ၁၉ |
| ၁၄ | နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားများ ဝင်ရောက်၊ ထွက်ခွာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ | ၂၁ |
| ၁၅ | Xiamen လေကြောင်းလိုင်း၏ ရှာ့မန်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ပျံသန်း | ၂၂ |
| ၁၆ | ရန်ကုန်ဆိပ်ကမ်းသို့ မေလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၆ စင်း ဆိုက်ကပ်ကုန်သွယ်ရန်လျာထား | ၂၃ |

# Information Sheet

## ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သွားရောက်ကြည့်ရှု



မန္တလေးမြို့၊ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ဆရာတော်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်မြို့၊ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဇနီးဒေါ်ကြူကြူလှနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ဧပြီလ ၂၉ ရက်တွင် သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပါသည်။

- ဗန်းမော်ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး ဆေးဝါးကုသမှုပေးထားသည့် အခြေအနေများနှင့် ဆွမ်းကိစ္စများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးထားသည်များကို ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား မေးမြန်းကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် မှာကြားခဲ့။
- နဂါးနှစ်ကောင် ကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများကို ဆရာတော်၏ ကျန်းမာရေးအခြေအနေများကို မပြတ်စောင့်ကြည့်၍ ကိုယ်ခံစွမ်းအားရှိစေရေး၊ တစ်ကိုယ်ရည်သန့်ရှင်းရေးတို့အတွက်ကို ဆောင်ရွက်ပေးရန်နှင့် အခြားလိုအပ်သည်များကို မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က ဆရာတော်ကြီးတို့အား လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းခဲ့ပြီး ဆရာတော်ကြီးများ ဟောကြားချီးမြှင့်တော်မူသည့် တရားတော်များကို နာယူကြည်ညိုခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၄-၂၀၂၃)**

- **နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်ဆေးကုသမှုခံယူလျက်ရှိသည့် ဗန်းမော်ဆရာတော်ဘုရားကြီးနှင့် နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးတို့၏ ကျန်းမာရေးအခြေအနေများအား လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့။**



နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးတို့က သွားရောက်ကြည့်ရှုနေမှု



ဗန်းမော်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများ၊
ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းနေမှု



နဂါးနှစ်ကောင်ကျောင်းတိုက်ဆရာတော်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က
လှူဖွယ်ပစ္စည်းများ၊ ဆေးပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် နဝကမ္မအလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းနေမှု

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ဧပြီလ ၂၈ ရက်တွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပါသည်။

ထိုသို့တွေ့ဆုံရာတွင်-

- မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှု အခြေအနေများ၊
- ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊
- စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊
- နှစ်နိုင်ငံအကြားခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊
- နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေးအတွက် ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံကောင်စစ်ဝန်ရုံးများ တည်ဆောက်လျက်ရှိမှု၊
- နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြပါသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်းဒုတိယဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၄-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်နေမှု



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ကူးနေမှု

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့် တွေ့ဆုံရာတွင် မြန်မာ-ရုရှား နှစ်နိုင်ငံ ကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား တွေ့ဆုံဩဝါဒ စကားမြွက်ကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်မောင်မယ်များအား ဧပြီလ ၂၆ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-II)၌ တွေ့ဆုံ၍ ဩဝါဒစကားမြွက်ကြားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဩဝါဒစကားမြွက်ကြားရာတွင်-

- လူငယ်ဆိုသည်မှာ ဖျတ်လတ်သွက်လက်ခြင်း၊ နိုးကြားတက်ကြွခြင်း၊ ခွန်အား ရှိခြင်း၊ စူးစမ်းတတ်ခြင်း၊ စွန့်စားခြင်း၊ ရဲရင့်ခြင်းနှင့် ဖန်တီးနိုင်စွမ်းအားရှိသူများပင်ဖြစ်ကြကြောင်း။
- ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့်အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊ ယဉ်ကျေးလိမ်မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချ တည်ဆောက်ခြင်းပင်ဖြစ်ကြောင်း။
- ယခုပညာသင်နှစ်တွင် အဋ္ဌမတန်းလူရည်ချွန် ၁၆၀ ဦး၊ ဒသမတန်း လူရည်ချွန် ၁၆၀ ဦး၊ ကောဒသမတန်းလူရည်ချွန် ၁၅၈ ဦး စုစုပေါင်း ၄၇၈ ဦးကို ရွေးချယ်မွေးထုတ်နိုင်ခဲ့ပြီး ပုဂံ၊ တောင်ကြီး၊ ငွေဆောင်စသည့် လူရည်ချွန်စခန်းအသီးသီးကို လေ့လာရေးခရီးစဉ်အဖြစ် စေလွှတ်သွားမည်ဖြစ်ကြောင်း။
- နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏အနာဂတ်အတွက် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းများဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့် စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင်ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင်ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍ အစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက်လျက်ရှိကြောင်း။
- နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းစိစစ်ပြီး နိုင်ငံအသီးသီးသို့ ပညာတော်သင်များ စေလွှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ကျောင်းသားကျောင်းသူများအနေဖြင့် နိုင်ငံအရေးကို ဦးထိပ်ထားပြီး မိမိသင်ယူရမည့် ပညာရပ်နယ်ပယ်တွင် ထူးချွန်ထက်မြက်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန် မှာကြားလိုကြောင်း။
- အားလပ်သည့်အချိန်တွင် မိမိတို့၏ပင်ကိုယ်အရည်အသွေးကို မြှင့်တင်သည့်လုပ်ငန်းများကို ဆောင်ရွက်ကြရန်၊ အင်




တာနက်ကို အကျိုးရှိစွာ အသုံးချပြီး အင်တာနက်ကို ပညာရှာမှီးရာတွင် အသုံးချရန်၊ စာများများဖတ်ကြရန်နှင့် မိမိကျန်းမာရေးကို ဂရုစိုက်ကြရန် မှာကြားလိုကြောင်း။

- နိုင်ငံတစ်နိုင်ငံ အခွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်ရန်အတွက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည်လည်း အလွန်အရေးကြီးကြောင်း။
- နိုင်ငံတော် ထာဝရအခွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့် အသိဉာဏ်ပညာ စွမ်းပကားနှင့် တည်ဆောက်ကြရမည် ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာတရားကို တန်ဖိုးထားသည့်စိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ တီထွင်ဖန်တီး ထိုးထွင်းဆောင်ရွက်လိုစိတ်များရှိရန်လည်း အထူးလိုအပ်သည်ကို ပြောကြားလိုကြောင်း။
- "**စည်းကမ်းသည် လူ၏တန်ဖိုးဖြစ်သည်**" ဆိုသည့်စကားနှင့်အညီ ဆက်လက်လျှောက်လှမ်းရမည့် အနာဂတ်ခရီးလမ်းတွင်လည်း မောင်တို့မယ်တို့ ကျောင်းခန်းထဲတွင် တွေ့မြင်နေကြရသည့် "**အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက**" ဆိုသည့် ဆောင်ပုဒ်အတိုင်း ဥပဒေနှင့် စည်းကမ်းကို လေးစားလိုက်နာသည့် နိုင်ငံကြီးသားပီသစေရန် မမေ့မလျော့ အစဉ်အမြဲ ကျင့်ကြံနေထိုင်ကြရန်လည်း တိုက်တွန်းလိုကြောင်း။
- "လူရည်ချွန်စီမံကိန်း" သည် ဆယ်စုနှစ်များစွာ သန္ဓေတည်ဖွံ့ဖြိုးလာခဲ့ပြီး နိုင်ငံ့သားကောင်းရတနာများ မွေးထုတ်ပေးခဲ့သည့်၊ အစဉ်အလာကောင်းရှိခဲ့သည့် ပညာရေး စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ကြောင်း။
- နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်တစ်ရပ်ဖြစ်သည့် "**ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး**" ဆိုသည့် ဦးတည်ချက်ကို ပေါက်မြောက်အောင်မြင်ရန်အတွက် လာမည့်ပညာသင်နှစ်များတွင်လည်း အနာဂတ်မျိုးဆက်သစ်များ စဉ်ဆက်မပြတ် ဖော်ထုတ်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ လူရည်ချွန်မောင်မယ်များသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူရည်ချွန်မောင်မယ်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၃)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လူရည်ချွန်မောင်မယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်နေမှု

- ပညာထူးချွန်ပြီးထက်မြက်သည့် ဉာဏ်ရည်ဉာဏ်သွေးနှင့် အသိပညာ အတတ်ပညာများ တတ်မြောက်သည့် အပြင် ကျန်းမာသန်စွမ်းခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ စာရိတ္တကောင်းမွန်ခြင်း၊ ကိုယ်ကျင့်တရားကောင်းမွန် ခြင်း၊ ယဉ်ကျေးလိမ်မာခြင်း၊ မျိုးချစ်စိတ်ရှိခြင်းစသည့် ကောင်းမြတ်သော အရည်အသွေးများ ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များ ရရှိပိုင်ဆိုင်ကြစေရန် လေ့ကျင့်ပျိုးထောင်ပေးခြင်းသည် အနာဂတ်နိုင်ငံတော်ကို အုတ်မြစ်ချတည်ဆောက်ခြင်းပင်ဖြစ်။
- နိုင်ငံတော်အနေဖြင့် မောင်တို့မယ်တို့ကို နိုင်ငံ၏အနာဂတ်အတွက် ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်း များဖြစ်လာစေရန် ရည်မှန်းချက်ထားပြီး အများနှင့် စုပေါင်းနေထိုင်တတ်စေရန်၊ အများအကျိုးကို ဆောင် ရွက်နိုင်စေရန်၊ ကာယ၊ ဉာဏ၊ စာရိတ္တနှင့် ပြည့်စုံသည့် အနာဂတ်မျိုးဆက်သစ်များဖြစ်အောင် ပြုစုပျိုးထောင် ပေးနိုင်ရန်အတွက် လူရည်ချွန်စီမံကိန်းအပြင် လူငယ်ကဏ္ဍ အစီအစဉ်များစွာကိုလည်း အားပေးဆောင်ရွက် လျက်ရှိ။
- နိုင်ငံတော်အနေဖြင့် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကို အရည်အချင်းစိစစ်ပြီး နိုင်ငံ အသီးသီးသို့ ပညာတော်သင်များ စေလွှတ်နိုင်ရေးအတွက်လည်း ဆောင်ရွက်ပေးလျက်ရှိသောကြောင့် ကျောင်း သားကျောင်းသူများအနေဖြင့် နိုင်ငံအရေးကို ဦးထိပ်ထားပြီး မိမိသင်ယူရမည့် ပညာရပ်နယ်ပယ်တွင် ထူးချွန် ထက်မြက်အောင် အပတ်တကုတ် ကြိုးစားအားထုတ်ကြရန်။
- နိုင်ငံတစ်နိုင်ငံ အဓွန့်ရှည်တည်တံ့ခိုင်မြဲပြီး အောင်မြင်ရန်အတွက် နိုင်ငံ၏စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးသကဲ့သို့ နိုင်ငံသူ၊ နိုင်ငံသားများ၏ စိတ်ဓာတ်နှင့် ကိုယ်ကျင့်တရားကောင်းမွန်ရေးသည်လည်း အလွန်အရေးကြီး။
- နိုင်ငံတော် ထာဝရအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားများ၏ မြင့်မားသည့် အသိဉာဏ်ပညာ စွမ်း ပကားနှင့် တည်ဆောက်ကြရမည်ဖြစ်သကဲ့သို့ နိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုးသည့်စိတ်၊ ကိုယ်ကျင့်သိက္ခာ တရားကို တန်ဖိုးထားသည့်စိတ်၊ ကြိုးစားအားထုတ်လိုစိတ်၊ တီထွင်ဖန်တီးထိုးထွင်းဆောင်ရွက်လိုစိတ်များ ရှိရန်လည်း အထူးလိုအပ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားနေ့ အခမ်းအနားသို့ သဝဏ်လွှာပေးပို့



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ၂၀၂၃ ခုနှစ်၊ မေလ ၁ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာပါ ကောက်နုတ်ချက်မှာ-

- နိုင်ငံတော်အစိုးရသည် အလုပ်သမားကြီးများ၏ အကျိုးစီးပွားကို အလေးထားကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ (၂၄) တွင် **"နိုင်ငံတော်သည် အလုပ်သမားများ၏ အခွင့်အရေးများကာကွယ်စောင့်ရှောက်ရန် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်မည်"** ဟူ၍လည်းကောင်း၊ ပုဒ်မ(၃၀) တွင် **"နိုင်ငံတော်သည် ပြည်သူများအလုပ်လက်မဲ့နည်းပါးစေရန် တတ်နိုင်သမျှ ကူညီဆောင်ရွက်ရမည်"** ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိ။
- အလုပ်သမားများ၏ အရည်အသွေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် လုပ်သားထုတစ်ရပ် ပေါ်ထွန်းလာစေရေးကို မျှော်မှန်း၍ တိုးတက်လာသည့် နည်းပညာသစ်များနှင့်အညီ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA)ကို ဖွဲ့စည်းပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။
- ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်သည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို သက်ဆိုင်ရာနိုင်ငံများ၏ ဥပဒေနှင့်အညီ ရပိုင်ခွင့်များ ရရှိနိုင်ရေးအတွက် မြန်မာအလုပ်သမားအများဆုံး သွားရောက်အလုပ်လုပ်ကိုင်သည့် ထိုင်းနိုင်ငံ၊ မလေးရှားနိုင်ငံနှင့် ကိုရီးယားသမ္မတနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိများ ခန့်အပ်ထားရှိသည့်အပြင် နိုင်ငံတကာရှိ မြန်မာသံရုံးများကလည်း လိုအပ်သည့်ကာကွယ်စောင့်ရှောက်မှုများ ပြုလုပ်ပေးလျက်ရှိ။
- အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး (၃) ခု၊ လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ ဌာနကြီးဆေးခန်း (၅၈) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း (၃၆) ခန်း၊ ရွှေ့လျားဆေးကုသယာဉ်

(Mobile Medical Unit) (၂) စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ။

အဓိကအင်အားစုဖြစ်သော အလုပ်သမားထုကြီးက ရင်းနှီးချစ်ကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အခြေခံသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံ၍ စုပေါင်းဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကိုပါ အထောက်အကူပြုမည်ဖြစ်ပါကြောင်းနှင့် အလုပ်သမားကြီးများ၏ ကြိုးစားအားထုတ်မှုများကို အသိအမှတ်ပြုပြီး အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့ကို ဂုဏ်ပြုလျက် သဝဏ်လွှာကို ပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၁-၅-၂၀၂၃)**

- **တိုးတက်လာသည့် နည်းပညာသစ်များနှင့်အညီ ကျွမ်းကျင်လုပ်သားများ မွေးထုတ်နိုင်ရန် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု “စံ” သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (National Skills Standards Authority-NSSA) ကို ဖွဲ့စည်းပြီး ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ။**
- **အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ အလုပ်သမားဆေးရုံကြီး (၃) ခု၊ လူမှုဖူလုံရေးဆေးခန်း (၉၆) ခန်း၊ ဌာနကြီးဆေးခန်း (၅၈) ခန်း၊ တိုင်းရင်းဆေးခန်း (၁) ခန်း၊ ပုဂ္ဂလိကဆေးရုံဆေးခန်း (၃၆) ခန်း၊ ရွေ့လျားဆေးကုသယာဉ် (Mobile Medical Unit) (၂) စီးတို့ဖြင့် အာမခံအလုပ်သမားများအား ဆေးကုသပေးခြင်းနှင့် ငွေကြေးအကျိုးခံစားခွင့်များ ခွင့်ပြုထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိ။**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၂၉ ရက်တွင် တာချီလိတ် လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက လေယာဉ်ပြေးလမ်း အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က-

- တာချီလိတ်လေဆိပ်သို့ လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ ဆက်လက်အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လိုကြောင်း။
- တာချီလိတ်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်များဖြင့် ပြင်ပမှ ဝင်ရောက်လာသူများအား စနစ်တကျမှတ်တမ်းတင်ရန် လိုကြောင်း။
- ရှမ်းပြည်နယ်(အရှေ့ပိုင်းဒေသ)တွင် တောင်ယာများမီးရှို့ခြင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် တာချီလိတ်လေဆိပ်ကို မတ်လနှင့် ဧပြီလတို့တွင် ရက် ၂၀ ကျော်ကြာ ပိတ်ခဲ့ရသောကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းဒေသ) အတွင်း တောင်ယာများမီးရှို့ခြင်းနှင့် လယ်ယာများ၌ ကောက်ရိုးများမီးရှို့ခြင်းမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန် လိုကြောင်း။
- ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးမှုစနစ်ပပျောက်အောင် ဆောင်ရွက်ရန်နှင့် တောင်ယာများ၌ ကုန်းမြင့်လယ်စိုက်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တာချီလိတ်လေယာဉ်ကွင်း လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ





ပျိုးမှုစနစ်ကို ဖော်ဆောင်ပေးရန်လိုကြောင်း၊ တာဝန်ရှိသူများကို မှာကြားခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လေယာဉ်ပြေးလမ်းအဆင့်မြှင့်တင်နေမှုနှင့် လေဆိပ်အဆောက်အဦကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၃၀-၄-၂၀၂၃)**

- **တာချီလိတ်လေဆိပ်သို့ လေယာဉ်ကြီးများ ဆင်းသက်နိုင်သည်အထိ ဆက်လက်အဆင့်မြှင့်တင်တိုးချဲ့ဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန်လို။**
- **ရှမ်းပြည်နယ်(အရှေ့ပိုင်းဒေသ)တွင် တောင်ယာများမီးရှို့ခြင်းမှ ထွက်ပေါ်လာသည့် မီးခိုးငွေ့များကြောင့် တာချီလိတ်လေဆိပ်ကို မတ်လနှင့် ဧပြီလတို့တွင် ရက် ၂၀ ကျော်ကြာ ပိတ်ခဲ့ရသောကြောင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းဒေသ) အတွင်း တောင်ယာများမီးရှို့ခြင်းနှင့် လယ်ယာများ၌ ကောက်ရိုးများမီးရှို့ခြင်းမရှိစေရေး ထိန်းသိမ်းကြပ်မတ်ရန်လို။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Chen Hai အားလက်ခံတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Chen Hai အား ဧပြီလ ၂၈ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်၍ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး၊ တရားမဝင်လောင်းကစားမှု၊ အွန်လိုင်းဂိမ်းနှင့် လူကုန်ကူးမှုများတိုက်ဖျက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများတက်ရောက်ခဲ့ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ စီးပွားရေးသံမှူး Mr. Tab Shufu နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၄-၂၀၂၃)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံခဲ့ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသသတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်၍ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါး၊ တရားမဝင်လောင်းကစားမှု၊ အွန်လိုင်းဂိမ်း၊ လူကုန်ကူးမှုများ တိုက်ဖျက်ရေးနှင့် နှစ်နိုင်ငံကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့။**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative-GSI) အပေါ် မြန်မာနိုင်ငံ၏ရပ်တည်ချက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative-GSI) အပေါ် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံကြို ဆိုကြောင်း၊ GSI ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့်ပူးပေါင်းဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ပါသည်။

## မြန်မာနိုင်ငံ၏ရပ်တည်ချက်

၂၀၂၂ ခုနှစ်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်က ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (Global Security Initiative-GSI) ကို အဆိုပြုခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနသည် မကြာသေးမီက ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ(GSI) သဘောတရားစာတမ်း (Concept Paper) ထုတ်ပြန်ခဲ့မှုကို နိုင်ငံခြားရေးဝန်ကြီးဌာနက ကောင်းစွာမှတ်သားမိသည်။ ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ(GSI) ကို အကောင်အထည်ဖော်ခဲ့သည့် တစ်နှစ်တာကာလအတွင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကမ္ဘာ့လုံခြုံရေးနှင့်ပတ်သက်၍ ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်နိုင်မှုများအတွက် မြန်မာနိုင်ငံက ချီးကျူးဂုဏ်ပြုသည်။

ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) သည် (၁) အားလုံးအတွက် ပြည့်စုံကျယ်ပြန့်ပြီး ပူးပေါင်းဆောင်ရွက်မှုရှိသော ရေရှည်တည်တံ့သည့် လုံခြုံရေးဆိုင်ရာ မျှော်မှန်းခြင်း၊ (၂) နိုင်ငံအားလုံး၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားခြင်း၊ (၃) ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကိုလိုက်နာခြင်း၊ (၄) နိုင်ငံအားလုံး၏ ကျိုးကြောင်းဆီလျော်မှုရှိသော လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို အလေးအနက်ထားခြင်း၊ (၅) နိုင်ငံများအကြား မတူကွဲပြားမှုများနှင့် အငြင်းပွားမှုများကို ဆွေးနွေး၊ ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းခြင်းနှင့် (၆) သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော နယ်ပယ်နှစ်ရပ်လုံးတွင် လုံခြုံရေးထိန်းသိမ်းခြင်းဆိုင်ရာ ကိစ္စရပ်များကို ခိုင်မာစွာဆက်လက်ဆောင်ရွက်သွားရန် စသည့်ကတိကဝတ် (၆) ရပ်ပေါ် တွင် အခြေခံသည်ကို တွေ့ရှိရသည်။

ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ (GSI) သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အတွက် ချမှတ်ထားသည့် အမြော်အမြင်ကြီးမားသည့် အစီအမံတစ်ရပ်ဖြစ်ပြီး ယင်းအစီအမံပါ ကတိကဝတ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်ရေးတို့အပါအဝင်ဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့် လိုက်လျောညီထွေရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် အဆိုပါကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ(GSI)ကို ထောက်ခံကြိုဆိုသည်။

မျက်မှောက်ကာလတွင် အလွန်ကြီးမားသည့် အပြောင်းအလဲများနှင့် တွေ့ကြုံရင်ဆိုင်နေရချိန်၌ ကမ္ဘာ့နိုင်ငံများအနေဖြင့် တရားမျှတမှုရှိပြီး သာတူညီမျှရှိသည့် နိုင်ငံတကာ အခင်းအကျင်းဖြစ်စေရေးအတွက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်သွားကြ

ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ရည်ရွယ်ချက်နှင့် အခြေခံမူများကို လေးစားလိုက်နာလျက် ပိုမိုအေးချမ်းလုံခြုံပြီး သာယာဝပြောသည့် ကမ္ဘာနှင့်လူသားအားလုံးအတွက် အေးအတူပူအမျှ အသိုက်အဝန်းဖော်ဆောင်နိုင်ရေးတို့အပြင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန်၊ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး သာတူညီမျှရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏ လူမှုစီးပွားဘဝ အေးချမ်းသာယာဝပြောစေရန်တို့အတွက် ကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံ(GSI) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း ဖော်ပြအပ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်။**

**(မြဝတီသတင်းစာ ၂၈-၄-၂၀၂၃)**

- **အဆိုပါကမ္ဘာလုံးဆိုင်ရာလုံခြုံရေးအစီအမံပါ ကတိကဝတ်များသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒတွင် အစဉ်တစိုက်လိုက်နာကျင့်သုံးခဲ့သော အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲမှုကို လေးစားလိုက်နာရေးနှင့် ပြည်တွင်းရေးကိစ္စရပ်များတွင် ဝင်ရောက်မစွက်ဖက်ရေးတို့အပါအဝင်ဖြစ်သည့် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်နှင့် လိုက်လျောညီထွေရှိသဖြင့် မြန်မာနိုင်ငံအနေဖြင့် ထောက်ခံကြိုဆို။**
- **မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား အစဉ်အလာရှိသည့် ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုများ ပိုမိုခိုင်မာစေရန်၊ နှစ်ဦးနှစ်ဖက်အကျိုးရှိပြီး သာတူညီမျှရှိသည့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရန်နှင့် နှစ်နိုင်ငံပြည်သူများ၏လူမှုစီးပွားဘဝ အေးချမ်းသာယာဝပြောစေရန်တို့အတွက် GSI ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် အခြားကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဖော်ဆောင်သွားရန် ဆန္ဒရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်။**

---

## ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံ

ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာအန်နာသိုလီ ဘူးလော့ချ်နိကော့ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်တို့က ဧပြီလ ၂၆ ရက်တွင်လည်းကောင်း၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ဧပြီလ ၂၇ ရက်တွင် လည်းကောင်း သက်ဆိုင်ရာညှိနှိုင်းခန်းမများ၌ အသီးသီးတွေ့ဆုံဆွေးနွေးခဲ့ရာ-

- **ပြည်ထောင်စုဝန်ကြီးဦးကိုကိုလှိုင်နှင့် တွေ့ဆုံဆွေးနွေးရာတွင်** နှစ်နိုင်ငံအကြား ကုန်သွယ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပို့ဆောင်ဆက်သွယ်ရေး၊ ခရီးသွားလာရေး၊ ပညာရေး၊ ဥပဒေရေးရာ၊ ဘဏ္ဍာရေး စသည့်ကဏ္ဍများတွင် ရေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရေးကိစ္စများနှင့် ရုရှားနိုင်ငံတွင် ကျင်းပသည့် ဖိုရမ်များသို့ ပါဝင်တက်ရောက်ခြင်းဖြင့် ရရှိသည့်အကျိုးကျေးဇူးများကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့။
- **ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် တွေ့ဆုံဆွေးနွေးရာတွင်** မြန်မာနိုင်ငံ၏ လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားနိုင်ငံမှ ယခင်ကာလများကပင် ကူညီပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံတွင်ရှိသော ရေအားလျှပ်စစ်အရင်းအမြစ်များမှ စီမံကိန်းများ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအပြင် မြန်မာနိုင်ငံမှ ပြည်တွင်းကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ အကျယ်တဝင့် တွေ့ဆုံဆွေးနွေးခဲ့။



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးနေမှု



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးနေမှု

- **ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင်** မြန်မာ-ရုရှား နှစ်နိုင်ငံအကြား ခေတ်သတ္တုဖွံ့ဖြိုး တိုးတက်ရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ နည်းပညာပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီး ပွင့်လင်းစွာဆွေးနွေးခဲ့။

အဆိုပါတွေ့ဆုံပွဲများသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့ တွေ့ဆုံ၍ မြန်မာ-ရုရှားနှစ်နိုင်ငံအကြား ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များအား အကျယ်တဝင့်ဆွေးနွေးခဲ့။**



ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့တို့တွေ့ဆုံဆွေးနွေးနေမှု

## ပြည်ထောင်စုဝန်ကြီးများ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား လက်ခံတွေ့ဆုံ



ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံနေမှု

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်တို့သည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း (IFRC)၏အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူး Mr. Alexander James Matheou အား ဧပြီလ ၂၆ ရက်တွင် သက်ဆိုင်ရာဝန်ကြီးဌာနတို့၌ အသီးသီးလက်ခံတွေ့ဆုံခဲ့ပါသည်။

- **နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်တွေ့ဆုံရာတွင်** IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက IFRC ၏ လုပ်ငန်းသဘောသဘာဝ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) က ဆောင်ရွက်နေသည့် လုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး ကူညီပံ့ပိုးပေးနေမှုကို ဆွေးနွေးပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေး၊ သန့်ရှင်းရေး၊ အသိပညာပေးရေးကဏ္ဍများတွင်



ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးအား လက်ခံတွေ့ဆုံနေမှု

နည်းပညာအကူအညီများ ပေးအပ်ရေးနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့။

- **အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တွေ့ဆုံရာတွင်** IFRC ၏ အာရှပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူးက IFRC ၏လုပ်ငန်းသဘောသဘာဝ၊ IFRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS)တို့အကြား ပူးပေါင်းဆောင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီများအတွက် ညှိနှိုင်းဆောင်ရွက်ပေးနေမှုများနှင့်ပတ်သက်၍ ပြန်လည်ဆွေးနွေးပြောကြားခဲ့။

တွေ့ဆုံပွဲများသို့ ဒုတိယဝန်ကြီးများ၊ ဌာနအကြီးအမှူးများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အာရှပစိဖိတ်ဒေသဆိုင်ရာညွှန်ကြားရေးမှူးတို့ တွေ့ဆုံရာတွင် IFRC ၏ လုပ်ငန်းသဘောသဘာဝ၊ IFRC နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း (MRCS) တို့အကြား ပူးပေါင်းဆောင်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ အသိပညာပေးရေးကဏ္ဍများတွင် နည်းပညာအကူအညီများပေးအပ်ရေး၊ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ရေးဆိုင်ရာကိစ္စများအား ဆွေးနွေးခဲ့။**

## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အာရှယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးသို့ တက်ရောက်

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စန်ရှီးပြည်နယ် ရှီအန်းမြို့၌ ဧပြီလ ၂၄ ရက်မှ ၂၅ ရက်အထိ ကျင်းပသည့် အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဧပြီလ ၂၆ ရက်တွင် တရုတ်နိုင်ငံမှ လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ပါသည်။




အဆိုပါအစည်းအဝေးတွင် မြန်မာနိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ မဟာမိတ်အဖွဲ့၏အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး မြန်မာနိုင်ငံနှင့်အတူ သီရိလင်္ကာနိုင်ငံနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့လည်း အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး တက်ရောက်လာသော အဖွဲ့ဝင်နိုင်ငံများက အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့စည်းမျဉ်းစည်းကမ်းမူကြမ်းများကို အတည်ပြုခြင်း၊ ၂၀၂၃ - ၂၀၂၄ လုပ်ငန်းစဉ်ကို ဆွေးနွေးခြင်း၊ မဟာမိတ်အဖွဲ့၏ အထွေထွေအတွင်းရေးမှူးချုပ်ရွေးချယ်ခြင်းနှင့် ရှီအန်းကြေညာချက်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။


တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့်တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာရှယဉ်ကျေးမှုအမွေအနှစ်များ မဟာမိတ်အဖွဲ့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ခြင်းဖြင့် အာရှတစ်ဝန်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးနှင့် စီမံခန့်ခွဲရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မည့် စီမံကိန်းများဖြစ်သည့် အမွေအနှစ်နေရာဒေသများ ထိန်းသိမ်းခြင်းနှင့် ပြန်လည်ထူထောင်ခြင်း၊ ပြတိုက်အချင်းချင်းဖလှယ်ခြင်း၊ ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်များ အမည်စာရင်းတင်သွင်းခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များတရားမဝင်တင်သွင်းခြင်းနှင့် တင်ပို့ခြင်းတို့ကို တားဆီးခြင်း၊ ဒေသတွင်း ပျောက်ဆုံးသွားသော ယဉ်ကျေးမှုပစ္စည်းများ ပြန်လည်ရရှိမည့် အစီအစဉ်များ၌ နိုင်ငံတကာဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၃)**

- **သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး တက်ရောက်ခဲ့သည့် အာရှယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်ရေးဆိုင်ရာ မဟာမိတ်အဖွဲ့တည်ထောင်သည့် အစည်းအဝေးတွင် မြန်မာနိုင်ငံသည် မူလအဖွဲ့ဝင်နိုင်ငံများ၏ သဘောတူညီချက်အရ မဟာမိတ်အဖွဲ့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် တရုတ်နိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာနဝန်ကြီး၊ ဒုတိယဝန်ကြီးတို့နှင့် တွေ့ဆုံပြီး နှစ်နိုင်ငံအကြား ယဉ်ကျေးမှုနှင့် ရှေးဟောင်းသုတေသနကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့။**

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာဆီယံ-တရုတ် ဒီဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာဖိုရမ်နှင့် ကမ္ဘာလုံးဆိုင်ရာဒစ်ဂျစ်တယ် နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲသို့ တက်ရောက်



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေတို့သည် ဧပြီလ ၂၆ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရှန်တုန်းပြည်နယ်၊ ဝေ့ဖန်မြို့ရှိ Fuwah International Exhibition Center ၌ ကျင်းပသည့် အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ဖိုရမ်သို့ တက်ရောက်ခဲ့ကြပါသည်။

ဖိုရမ်မကျင်းပမီ မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘာလုံးဆိုင်ရာဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာကုန်စည်ပြပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ လေ့လာခဲ့ကြပါသည်။ ထို့နောက် အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ ဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် စိုက်ပျိုးရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုဆောင်ရွက်နေမှုကို တင်ပြဆွေးနွေးကြရာ မြန်မာနိုင်ငံကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာ မူဝါဒများ၊ အတွေ့အကြုံများ၊ နည်းလမ်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြခဲ့ပါသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၅ ရက်တွင် ရှန်တုန်းပြည်နယ်ရှောက်ဝန်မြို့တွင် ပြုလုပ်သည့် (၂၄) ကြိမ်မြောက် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဖြင့် စိုက်ပျိုးထားသည့် ဟင်းသီးဟင်းရွက်ပြပွဲတွင် ဟင်းသီးဟင်းရွက်အမျိုးပေါင်း ၇,၀၀၀ ကျော် စိုက်ပျိုးပြသထားမှုနှင့် အရည်အသွေးကောင်း ဟင်းသီးဟင်းရွက်များကို အွန်လိုင်းမှ တိုက်ရိုက်ရောင်းချပေးနေမှုကိုလည်းကောင်း၊ ရှန်တုန်းပြည်နယ်၊ ဝေ့ဖန်မြို့ရှိ Yanjiabu Folk Cultural Village ကိုလည်းကောင်း ကြည့်ရှုလေ့လာခဲ့ကြရာ သက်ဆိုင်ရာပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက ရှင်းလင်းပြသခဲ့ကြပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၄-၂၀၂၃)**

- **အာဆီယံ-တရုတ် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု စိုက်ပျိုးရေးဆိုင်ရာဖိုရမ်တွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက နိုင်ငံအလိုက် စိုက်ပျိုးရေးကဏ္ဍတွင် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြုဆောင်ရွက်နေမှုကို ဆွေးနွေးခဲ့။**
- **ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ဦးဆောင်သောမြန်မာကိုယ်စားလှယ်အဖွဲ့သည် ဧပြီလ ၂၈ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိခဲ့။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ



လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi ဦးဆောင်သောအဖွဲ့ကို ဧပြီလ ၂၈ ရက်တွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမတွင် တွေ့ဆုံခဲ့ပါသည်။

တွေ့ဆုံစဉ် UNICEF ၏ လက်ရှိလုပ်ငန်းအစီအစဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာ၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် ပြည်တွင်းခရီးသွားလာရေး ထောက်ခံမှုပြုနိုင်မည့်ကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကိစ္စ၊ ဝန်ကြီးဌာနနှင့် UNICEF တို့ ဆက်လက်ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအစီအစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၉-၄-၂၀၂၃)**

- **ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံရာတွင် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသားဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာ၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် ပြည်တွင်း ခရီးသွားလာရေးထောက်ခံမှုပြုနိုင်မည့်ကိစ္စများအား ဆွေးနွေးခဲ့။**

## ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေးမဟာဗျူဟာဆိုင်ရာကွန်ဖရင့်နှင့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်ကျင်းပ

မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် (၇၅) နှစ်မြောက် နှစ်ပတ်လည်အထိမ်းအမှတ်နှင့်တိုက်ဆိုင်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာအစီအစဉ်များအနက် တစ်ခုဖြစ်သော ရုရှား-မြန်မာပူးပေါင်း ဆောင်ရွက်ရေး မဟာဗျူဟာဆိုင်ရာကွန်ဖရင့်ကို ဧပြီလ ၂၄ ရက်တွင် Moscow State Institute of International Relations (University) of the Ministry of Foreign Affairs of the Russian Federation (MGIMO) ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ကွန်ဖရင့်သို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ ရုရှားဖက်ဒရေးရှင်း နိုင်ငံဆိုင်ရာ




မြန်မာစစ်သံ(ကြည်း၊ ရေ၊ လေ) စစ်သံမှူးနှင့် စစ်သံရုံးဝန်ထမ်းများ၊ မြန်မာ- ရုရှား ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင်-

- ပထဝီဝင်အနေအထားအရ ခြားနားနေသော်လည်း ပြည်သူအချင်းချင်း အပြန်အလှန် ကူးလူးဆက်သွယ်မှုတို့မှတစ်ဆင့် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဟု ယုံကြည်ကြောင်း။
- ထိုမှတစ်ဆင့် နှစ်နိုင်ငံ ကုန်သွယ်ရေး၊ စီးပွားရေး၊ ခရီးသွားလုပ်ငန်း၊ စက်မှုလုပ်ငန်း စသော အလားအလာရှိသည့် ကဏ္ဍများတွင် ရင်းနှီးမြုပ်နှံ၍ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း။
- ယခုကွန်ဖရင့်မှတစ်ဆင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်နိုင်ရန်အတွက် ထိရောက်သောမဟာဗျူဟာများ ဆွေးနွေးဖော်ထုတ်ရန် အရေးကြီးကြောင်း ပြောကြားခဲ့ပြီး နှစ်နိုင်ငံမှ တာဝန်ရှိသူများက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ရေးရာကိစ္စရပ်များ၊ ပညာရေးနှင့်နည်းပညာ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးသည် ဧပြီလ ၂၅ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပပြုလုပ်သည့် မြန်မာ-စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်းဖိုရမ်သို့ တက်ရောက်ခဲ့ပြီး-

- မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိကပါဝင်သော ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့အား ဖွဲ့စည်း၍ "Welcome Russia" အစီအစဉ်ကို အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။
- နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ ကနဦးအစီအစဉ်အဖြစ် ဝန်ကြီးဌာနနှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဧပြီလ ၁၁ ရက်မှ ၁၉ ရက်အထိ ရုရှားနိုင်ငံမှ တေးသံရှင်များ၊ ဗီဒီယိုရိုက်ကူးထုတ်လုပ်သူများ၊ ဘလော့ဂါများ ပါဝင်သောအဖွဲ့၏ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ် လာရောက်နိုင်ရေး စီစဉ်ဆောင်ရွက်နိုင်ခဲ့ကြောင်း။
- ဝန်ကြီးဌာနအနေဖြင့် ခရီးသွားမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်လျက်ရှိရာ ရုရှားနိုင်ငံမှ ခရီးသွားလုပ်ငန်းဆောင်ရွက်သူများ၊ မီဒီယာများနှင့် ကျော်ကြားသူများအား ချစ်ကြည်ရေးအလည်အပတ်ခရီးစဉ်များ ဖိတ်ခေါ်ဆောင်ရွက်လိုကြောင်း။
- ယနေ့ကျင်းပသည့် ခရီးသွားလုပ်ငန်းဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိကများအကြား ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့ပါသည်။

အဆိုပါ ဖိုရမ်သို့ စိန့်ပီတာစဘတ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီမှ ဒုတိယအကြီးအကဲ မစ္စနာနာ အမ်ဂါဗီ ချီရာ၊ စိန့်ပီတာစဘတ် ပြည်ပဆက်ဆံရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ရုရှားခရီးသွားကုမ္ပဏီများ၊ ဟိုတယ်နှင့်ခရီးသွား လာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွား လုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူတို့ က အွန်လိုင်းမှ တက်ရောက်ခဲ့ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၄-၂၀၂၃)**

- **နှစ်နိုင်ငံမှ တာဝန်ရှိသူများက နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာကိစ္စရပ်များ၊ သံတမန်ရေးရာကိစ္စရပ်များ၊ ပညာရေးနှင့် နည်းပညာ၊ စီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့။**
- **မြန်မာနိုင်ငံသို့ ရုရှားနိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် အစိုးရ၊ ပုဂ္ဂလိက ပါဝင်သော ဦးဆောင်ကော်မတီနှင့် လုပ်ငန်းအဖွဲ့အား ဖွဲ့စည်း၍ “Welcome Russia” အစီအစဉ်ကို အကောင်အထည် ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိ။**
- **ခရီးသွားလုပ်ငန်းဖိုရမ်မှတစ်ဆင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အစိုးရနှင့် ပုဂ္ဂလိကများအကြား ပိုမိုပူးပေါင်း ဆောင်ရွက်နိုင်မည်ဖြစ်။**

---

## နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားများ ဝင်ရောက်၊ ထွက်ခွာနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ




နယ်စပ်ဂိတ်များမှတစ်ဆင့် ခရီးသွားဧည့်သည်များ ဝင်ရောက်၊ ထွက်ခွာလည်ပတ်နိုင်ရေးညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၂၇ ရက်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နီလာခန်းမ၌ ကျင်းပခဲ့ရာ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်က-

- (၁၄) ကြိမ်မြောက် မြန်မာ - လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး၌ မြန်မာ - လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသားများသာမက လာအိုနိုင်ငံသို့ လာရောက်လည်ပတ်သော တတိယနိုင်ငံသားများပါ ဝင်၊ ထွက်နိုင်ရေး အဆိုပြုလာသောကိစ္စကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန်လိုအပ်ကြောင်း။
- ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဖြတ်ကျော်ခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခု အဆိုပြုချက်သည် နယ်စပ်ဒေသခရီးသွားလုပ်ငန်းဖွံ့ဖြိုး

တိုးတက်ရေးကို အထောက်အပံ့ဖြစ်သည့်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရအနေဖြင့် ဝင်ရောက်လာမည့် ခရီးသွားများ လည်ပတ်သွားလာနိုင်သောနေရာများကို ရွေးချယ်အဆိုပြုပေးစေလိုကြောင်း။

- မြန်မာ - လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်နိုင်ရေးအတွက် အဆင်သင့်ဖြစ်နေစေရန် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ဆက်စပ်ဝန်ကြီးဌာနများအနေဖြင့် ဝိုင်းဝန်းကူညီပေးကြစေလိုကြောင်း ပြောကြားခဲ့။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဘာသာရပ်တာဝန်ခံများက တက်ရောက်ကြပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၄-၂၀၂၃)**

- **(၁၄) ကြိမ်မြောက် မြန်မာ - လာအို ဗဟိုအဆင့် နယ်စပ်ဒေသအာဏာပိုင်များ အစည်းအဝေး၌ မြန်မာ - လာအို နယ်စပ်ဂိတ်များမှတစ်ဆင့် လာအိုနိုင်ငံသားများသာမက လာအိုနိုင်ငံသို့ လာရောက်လည်ပတ်သော တတိယနိုင်ငံသားများပါ ဝင်၊ ထွက်နိုင်ရေး အဆိုပြုလာသောကိစ္စကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်နှင့် ပြည်သူလူထု၏ အကျိုးစီးပွားကို အလေးထားဆောင်ရွက်ကြရန် လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့။**

---

## Xiamen လေကြောင်းလိုင်း၏ ရှာ့မန်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ပျံသန်း




Xiamen လေကြောင်းလိုင်း၏ ရှာ့မန်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ် ပြန်လည်ပျံသန်းမှုကို ဧပြီလ ၂၆ ရက်က စတင်ခဲ့ရာ ရှာ့မန်မြို့မှ ခရီးသည် ၁၅၂ ဦးသည် လေယာဉ်အမှတ်-MF8669/70 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၅ နာရီ မိနစ် ၃၀ တွင် ဆိုက်ရောက်လာခဲ့ပါသည်။

ရန်ကုန်-ရှာ့မန် တိုက်ရိုက်လေကြောင်း ခရီးစဉ်များကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်ပျံသန်းပေးမည်ဖြစ်ပြီး ခရီးစဉ်များနှင့်ပတ်သက်၍ https://www. xiamenair.com/en-ww/ တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဝန်ဆောင်မှုလုပ်ငန်းများအား စီမံခန့်ခွဲလျက်ရှိသော Yangon Aerodrome Company Limited (YACL) အနေဖြင့် နိုင်ငံတကာလေကြောင်း ခရီးစဉ်ပျံသန်းမှုများအတွက် သက်ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး လေဆိပ်ဝန်ဆောင်မှုအသုံးပြုသူ ခရီးသည်များ သိရှိလိုက်နာရန် ခရီးသွားရာ နိုင်ငံအလိုက် လိုအပ်သော ဆိုက်ရောက်၊ ထွက်ခွာ၊ ပြည်အဝင်အထွက် ကန့်သတ်ချက်များကိုလည်း စဉ်ဆက်မပြတ်စောင့်ကြည့်အသိပေးလျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၈-၄-၂၀၂၃)**

- **Xiamen လေကြောင်းလိုင်း၏ ရှာ့မန်-ရန်ကုန် တိုက်ရိုက်လေကြောင်းခရီးစဉ်များကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ပျံသန်းရှိပြီး ရန်ကုန်-ရှာ့မန် တိုက်ရိုက်လေကြောင်း ခရီးစဉ်များကို အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း တစ်ပတ်လျှင် သုံးကြိမ် တိုက်ရိုက်ပျံသန်းပေးမည်ဖြစ်ပြီး ခရီးစဉ်များနှင့်ပတ်သက်၍ https://www.xiamenair.com/en-ww/ တွင် ဝင်ရောက်လေ့လာနိုင်။**

## ရန်ကုန်ဆိပ်ကမ်းသို့ မေလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၆ စင်း ဆိုက်ကပ်ကုန်သွယ်ရန်လျာထား

ရန်ကုန်ဆိပ်ကမ်းသို့ မေလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၆ စင်း ဝင်ရောက်ဆိုက်ကပ်ကုန်သွယ်ရန် လျာထားကြောင်းနှင့် ရန်ကုန်ဆိပ်ကမ်းနိုင်ငံတကာ သင်္ဘောလိုင်းများ ဆိုက်ကပ်ကုန်သွယ်မှုအနေဖြင့် ဇန်နဝါရီလက ၅၂ စင်း၊ ဖေဖော်ဝါရီလက ၅၁ စင်း၊ မတ်လက ၅၅ စင်းနှင့် ဧပြီလက အစင်းရေ ၅၀ ဆိုက်ကပ်ကုန်သွယ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့မှ သိရှိရပါသည်။

မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖွဲ့အနေဖြင့် နိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်ကဏ္ဍလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အဓိကကျသည့် ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ကုန်သွယ်မှုကို တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၁-၅-၂၀၂၃)**




- ရန်ကုန်ဆိပ်ကမ်းသို့ မေလအတွင်း နိုင်ငံတကာကုန်တင်သင်္ဘော ၅၆ စင်းဆိုက် ကပ်ကုန်သွယ်ရန်လျာထားလျက်ရှိပြီး ရန်ကုန်ဆိပ်ကမ်းနိုင်ငံတကာသင်္ဘောလိုင်းများ ဆိုက်ကပ်ကုန်သွယ်မှုအနေဖြင့် ဇန်နဝါရီလက ၅၂ စင်း၊ ဖေဖော်ဝါရီလက ၅၁ စင်း၊ မတ်လက ၅၅ စင်းနှင့် ဧပြီလက အစင်းရေ ၅၀ ဆိုက်ကပ်ကုန်သွယ်ခဲ့။